ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

စာအမှတ်၊ အစဆ/(ဆဝ) ၂၀၁၄/၅၂၄

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ(၁၈)ရက်။

သို့

ဥက္ကဌ

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်ကြီးများနှင့်လုပ်ငန်းရှင်များအသင်း

အကြောင်းအရာ။ **Oral Artemisinin Monotherapy ဆေးဝါးများကိစ္စ။**

၁။ အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ Oral Artemisinin Monotherapy ဆေးဝါးများ၏ ဆေးဝါးမှတ်ပုံတင်ခြင်း၊ တင်သွင်းခြင်းကို ၂၀၁၂ ခုနှစ်၊ နှစ်ကုန်ပိုင်းမှစ၍ ခွင့်ပြုဆောင်ရွက်မှုမရှိတော့ပါသဖြင့် ယခင်ဈေးကွက်တွင် ဖြန့်ဖြူးထားသော အဆိုပါဆေးဝါးများကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ နောက်ဆုံးထား၍ ပြန်လည်ရုပ်သိမ်းရန်နှင့် ဆက်လက်ဖြန့်ဖြူးရောင်းချခွင့်မရှိတော့ပါကြောင်း၊ အဆိုပါ ဆေးဝါးများ၏ မှတ်ပုံတင်လက်မှတ်များကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ ပြန်လည် အပ်နှံရန်ကိစ္စကို ပူးတွဲပါစာများဖြင့် အဆိုပါဆေးဝါးများကို တင်သွင်းသည့်ကုမ္ပဏီများနှင့် ဆေးနှင့်ဆေး ပစ္စည်းကုန်သည်ကြီးများနှင့်လုပ်ငန်းရှင်များအသင်းသို့ အသိပေးအကြောင်းကြားထားပြီးဖြစ်ပါသည်။

၂။ သို့ပါ၍ Oral Artemisinin Monotherapy ဆေးဝါးများကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလမှစ၍ ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချခွင့်မရှိတော့ပါကြောင်းကို ထပ်မံအသိပေးအကြောင်းကြားပါသည်။

(ပါမောက္ခဒေါက်တာမြင့်ဟန်)

ညွှန်ကြားရေးမှူးချုပ်